Message Three

## ဘုရားသခင်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၂ရှမွေ၊၇း၁၂-၁၄က။ ၁ကော၊၃း၉။ ဧ၊၃း၁၄-၂၁။ မ၊၁၃း၃-၉၊ ၁၉-၂၃။ ဗျာ၊၂၁း၃၊ ၂၂

**I. ရှမွေလဒုတိယစာစောင် ၇း၁၂-၁၄က သည် ပုံဆောင်ချက်မှတဆင့် ပရောဖက်ပြုချက်ကို ဖွင့်ပြကာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်က ခရစ်တော်ကို ကျွန်ုပ်တို့၏ပင်ကိုမူလ စေ့စပ်ထုံးဖွဲ့မှုအထဲသို့ တည်ဆောက်ပေးခြင်းကို လိုအပ်ကြောင်း၊ သို့မှသာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသည် ခရစ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရနိုင်မည်ဖြစ်ကြောင်း ပြသနေသည် - မ၊၁၆း၁၈။ ဧ၊၃း၁၇။**

A. ဝိညာဉ်ရေးရာ ဇီဝတွင်းဖြစ်ပျက်မှုဖြစ်စဉ်မှတဆင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်၏ရှင်သန်သောတည်ဆောက်ခြင်းသည် အမှန်မှာ ၂ရှမွေလ ၇း၁၂-၁၄က တွင် ပုံဆောင်ချက်နည်းလမ်း၌ ယေဟောဝါက ဒါဝိဒ်ထံ ပရောဖက်ပြုထားသည့်အရာပင် ဖြစ်သည်။ ဤဖြစ်စဉ်မှတဆင့်သာလျှင် လူသားဖြစ်ခြင်းများသည် ဘုရားသခင်၏ သားများအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲကာ၊ လူသားတစ်စုံတစ်ရာ - လူသားမျိုးစေ့ - သည် ဘုရားဆိုင်ရာတစ်စုံတစ်ရာ - ဘုရားသခင်၏သားများ ဖြစ်လာနိုင်မည်ဖြစ်သည်။

B. ဘုရားသခင်၏တည်ဆောက်ခြင်း ဖြစ်တည်လာရန်အလို့ငှာ ကျွန်ုပ်တို့သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်သော ရှင်သန်သော နျူမက်တစ် ခရစ်တော်ကို ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ စားစရာ၊ သောက်စရာနှင့် လေအဖြစ် လက်ခံရန်၊ ကြေညက်ရန်နှင့် တစ်သားတည်းဖြစ်စေရန် လိုအပ်သည် - ယော၊၆း၅၁၊၅၇။ ၇း၃၇-၃၉။ ၂၀း၂၂။

1. ကျွန်ုပ်တို့သည် "ယခုဖြစ်သော" ခရစ်တော်ကို စားသုံးခြင်း၊ သောက်သုံးခြင်းနှင့် ရှူသွင်းခြင်းအားဖြင့် မွေ့လျော်ဝမ်းမြောက်သောအခါ၊ ဇီဝတွင်းဖြစ်ပျက်မှုဖြစ်စဉ်သည် ကျွန်ုပ်တို့အတွင်း၌ ဖြစ်ပေါ်လာကာ၊ ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းရှိလေသည် - ဂလ၊၂း၂၀။ ၂ကော၊၂း၁၅။ ဖိ၊၁း၂၀-၂၁။
2. ဘုရားသခင်၏စီမံကိန်းသည် ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို လုပ်ဆောင်၍၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ အစာခြေခြင်းနှင့် တစ်သားတည်းဖြစ်သွားခြင်း ဇီဝတွင်းဖြစ်ပျက်မှုဖြစ်စဉ်ကို တွေ့ကြုံခံစားကာ၊ တဖြည်းဖြည်းနှင့် ပင်ကိုမူလဆိုင်ရာ အသက်၌ပြောင်းလဲခြင်းကို ထွက်စေခြင်းအတွက် ဖြစ်သည် - ၂ကော၊၃း၁၈။
3. ဤဇီဝတွင်းဖြစ်ပျက်မှုဖြစ်စဉ်သည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းဖြစ်ကာ၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသည် တည်ဆောက်ခြင်း ဖြစ်သည် - ညွှန်း၊ ဗျာ၊၂၁း၁၈။ ၄း၃။

**II. ဘုရားသခင်၏အသက်ဖြင့် ခရစ်တော်၌ အသစ်မွေးဖွားခံရပြီးသော ယုံကြည်သူများသည် ဘုရားသခင်၏ဖန်ဆင်းခြင်းအသစ်၌ ဘုရားသခင်၏ စိုက်ပျိုးရာမြေ၊ လယ်မြေဖြစ်ပြီး၊ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အဖိုးတန်သော တန်ဆာပလာများကို ထုတ်လုပ်မည့် ခရစ်တော်ကို ကြီးထွားစေရာနေရာဖြစ်သည် - ၁ကော၊၃း၉။**

A. သမ္မာကျမ်းစာအရ ကြီးထွားခြင်းသည် တည်ဆောက်ခြင်းနှင့် ညီမျှသည်။ ဤအရာသည် ကျွန်ုပ်တို့အတွင်းရှိ အသက်၏ ဘုရားဆိုင်ရာမျိုးစေ့ ကြီးထွားခြင်းအားဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်သည် - ၁ယော၊၃း၉။ ကော၊၂း၁၉။ ဧ၊၄း၁၅-၁၆။

B. ဧဖက် ၃း၁၇ တွင် သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာကာ၊ ဒြပ်သဘာဝအဖြစ် မိမိကိုယ်တော်တိုင်နှင့် တန်ဆာပလာအဖြစ် ကျွန်ုပ်တို့ထံမှ တစ်စုံတစ်ရာနှင့်အတူ တည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်နေကြောင်း ဖွင့်ပြသည်။

C. ဤအရာကို မဿဲ ၁၃ တွင် မျိုးစေ့ကြဲသူ၏ ပုံဥပမာအားဖြင့် သရုပ်ဖော်ပြထားသည်။

1. သခင်ဘုရားသည် အသက်၏မျိုးစေ့အဖြစ် မိမိကိုယ်တော်တိုင်ကို မြေဆီဖြစ်သော လူတို့၏စိတ်နှလုံးများအထဲသို့ မျိုးကြဲကာ၊ ထိုသို့ဖြင့် ကိုယ်တော်သည် သူတို့၌ ကြီးထွား၍ အသက်ရှင်ပြီး၊ သူတို့အတွင်းထဲမှ ထင်ရှားနိုင်မည်ဖြစ်သည် - အငယ်၊၃။
2. မျိုးစေ့သည် မြေဆီ၏ အာဟာရဓာတ်ဖြင့် ကြီးထွားလာရန် မြေဆီအထဲသို့ မျိုးကြဲထားသည်။ ရလဒ်အနေဖြင့် ထုတ်ကုန်သည် မျိုးစေ့နှင့် မြေဆီနှစ်ခုလုံးမှ ဒြပ်သဘာဝများပေါင်းစပ်ခြင်းပင် ဖြစ်သည် - အငယ်၊၂၃။
3. ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်က ကျွန်ုပ်တို့ကြီးထွားလာရန် ကျွန်ုပ်တို့အတွင်းသို့ ကိုယ်တော်ကြွလာခြင်းအတွက် ပြင်ဆင်မှုအဖြစ် တစ်စုံတစ်ခုသော အာဟာရဓာတ်ကို ဖန်ဆင်းထားခဲ့သည်။ ဘုရားသခင်က လူသားဝိညာဉ်ကို လူသားအာဟာရဓာတ်အဖြစ် ဖန်ဆင်းကာ၊ ယင်းနှင့်အတူ ဘုရားဆိုင်ရာမျိုးစေ့အတွက် မြေဆီအဖြစ် လူသားစိတ်နှလုံးကို ဖန်ဆင်းထားသည် - ညွှန်း၊ ၁ပေ၊၃း၄။

4. ကျွန်ုပ်တို့အသက်၌ ကြီးထွားမှုနှုန်းသည် ဘုရားဆိုင်ရာမျိုးစေ့အပေါ်မှာ မူတည်ခြင်းမဟုတ်ဘဲ၊ ဤမျိုးစေ့ကို ကျွန်ုပ်တို့က အာဟာရဓာတ်မည်မျှပေးနိုင်ခြင်း အပေါ်မှာ မူတည်သည်။ ကျွန်ုပ်တို့က အာဟာရဓာတ်ကို များများထောက်ပံ့လေလေ၊ မျိုးစေ့သည် မြန်မြန် ကြီးထွားလေလေဖြစ်ကာ၊ ရှင်သန်ကြီးထွားခြင်းရှိလာလေလေ ဖြစ်သည် - ဆာ၊၇၈း၈။ မ၊၅း၃၊၈။
   a. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်၌၊ ကျွန်ုပ်တို့၏ဇာတိလူ၌ ကျန်ရှိနေမည်ဆိုလျှင် ဘုရားဆိုင်ရာမျိုးစေ့ ကြီးထွားခြင်းအတွက် မည်သည့်အာဟာရဓာတ်မျှ ရှိမည်မဟုတ်ပေ၊ သို့သော် ကျွန်ုပ်တို့၏အတွင်းလူအထဲသို့ ခွန်အားသန်စွမ်းစေခြင်းခံရကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အလေးထားပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်မည်ဆိုလျှင်၊ အာဟာရဓာတ်ကို ထောက်ပံ့ပေးခြင်းရှိပြီး၊ ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်တော်ဆောက်လုပ်နေနိုင်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။ ရော၊၈း၆။ ၁တိ၊၄း၇။ ညွှန်း၊ ယု၊၁၉။
   b. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြည့်အဝ မွေ့လျော်ဝမ်းမြောက်မှုဖြစ်ရန် ကျွန်ုပ်တို့အတွင်း ကြီးထွားမည့် အသက်မျိုးစေ့အဖြစ် သခင်ဘုရားကို ရရှိလိုလျှင် သခင်ဘုရားထံ လုံးလုံးအကြွင်းမဲ့ ဖွင့်ပေး၍၊ ကျွန်ုပ်တို့၏ စိတ်နှလုံးကို အကုန်အစင် ဆက်ဆံဖြေရှင်းရန် ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ် သည် - မ၊၁၃း၃-၉၊၁၉-၂၃။
5. တစ်ဖက်တွင် ဘုရားသခင်သည် ဒြပ်သဘာဝအဖြစ် မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို ခွန်အားသန်စွမ်းစေပြီး၊ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် အာဟာရဓာတ်ကို ဖြည့်ဆည်းပေးသည်။ ဤအရာမှတဆင့် ခရစ်တော်၌ ဘုရားသခင်သည် ကိုယ်တော်၏ပင်ကိုမူလ တည်ဆောက်ခြင်း - အိမ်တော်တည်ဆောက်ခြင်း - ကို ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၌ သယ်ဆောင်ဖြစ်ပေါ်စေသည်။

**III. ဖေက် ၃ ရှိ တမန်တော်၏ဆုတောင်းချက်သည် ဘုရားသခင်၏ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းတော်ကြွယ်ဝခြင်းများအတိုင်း ခမည်းတော်က အတွင်းလူအထဲသို့ ဝိညာဉ်တော်မှတဆင့် တန်ခိုးဖြင့် ကျွန်ုပ်တို့ကို ခွန်အားသန်စွမ်းစေခြင်းကို လိုအပ်ပြီး၊ ထိုသို့ဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံးများထဲသို့ မိမိကိုယ်တော်တိုင် တည်ဆောက်ကာ၊ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို သိမ်းပိုက်လွှမ်းမိုး၍ ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်းသို့တိုင် ကျွန်ုပ်တို့ဖြည့်ခြင်းခံရရန်အတွက်ဖြစ်ကြောင်း ဖွင့်ပြထားသည် - အငယ်၊၁၄-၁၉။**

A. ကျွန်ုပ်တို့သည် တန်ခိုးတော်ဖြင့် အတွင်းလူအထဲသို့ ခွန်အားသန်စွမ်းစေရန် လိုအပ်ကြောင်း ပြောခြင်းမှာ ကျွန်ုပ်တို့သည် အတွင်းလူ၌ မရှိကြောင်း၊ ကျွန်ုပ်တို့သည် အများဆုံးအနေဖြင့် အပြင်လူ၌ အသက်ရှင်ကြကြောင်း ရည်ညွှန်းနေသည် - အငယ်၊၁၆။ ၁း၁၉-၂၂။ ၃း၂၀။
B. ခရစ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံး၏ အခန်းတိုင်းကို သိမ်းပိုက်လွှမ်းမိုးရန် အလိုဆန္ဒရှိသည်။
   1. *အိမ်တော်ဆောက်ခြင်း* ဟူသောစကားစုမှာ ဂရိဘာသာ၌ စကားလုံးတစ်လုံးတည်း *ခါသွေကီယို* (*katoikeo*) ဖြစ်ကာ၊ အခြေခံအားဖြင့် ကိန်းဝပ်ရာ၌ အခြေချနေခြင်း၊ ကိန်းဝပ်နေထိုင်ရာပြုခြင်းဟု ဆိုလိုကာ၊ ဤစကားလုံး၏ ရှေ့ဆက်စကားလုံး ခါတာ *kata* သည် “အောက်သို့”ဟု ဆိုလိုသည် - အငယ်၊၁၇က။
   2. ခရစ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံးများ၌ နက်ရှိုင်းစွာ အိမ်ဆောက်နေသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဥယျာဉ်တော်အတွက် မေတ္တာ၌ အမြစ်စွဲခြင်းနှင့် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် မေတ္တာ၌ အခြေကျခြင်း ရှိကြသည် - အငယ်၊၁၇ခ။
   3. ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်တော်ဆောက်လုပ်သောအခါ ကျွန်ုပ်တို့သည် တိုင်းတာမရနိုင်သော ခရစ်တော်ကို သန့်ရှင်းသူအပေါင်းတို့နှင့်အတူ နားလည်သဘောပေါက်ရန် သန်စွမ်းခြင်းရှိကြပြီး၊ ကိုယ်တော်၏ အတိုင်းအတာပမာဏများသည် စကြဝဠာ၏အတိုင်းအတာပမာဏများဖြစ်သည် - အငယ်၊၁၈။
      a. အသင်းတော်၌ ကျွန်ုပ်တို့က ခရစ်တော်ကို တွေ့ကြုံခံစားခြင်းသည် ကုဗတုံး (အလျား၊ အနံ၊ အမြင့်နှင့် အနက်) ကဲ့သို့ ထောင့်သုံးထောင့် ရှိရမည်ဖြစ်ကာ၊ မျဉ်းကြောင်းကဲ့သို့ တစ်ကြောင်းတည်းမဖြစ်ရပါ။
      b. တဲတော်နှင့် ဗိမာန်တော် နှစ်ခုလုံး၌ အသန့်ရှင်းဆုံးဌာနသည် ကုဗတုံးဖြစ်သည် - ထွ၊၂၆း၂-၈။ ၁ဘုရင်၊ ၆း၂၀။
      c. နောက်ဆုံးတွင် ဘုရားသခင်၏တည်ဆောက်ခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ်သည် ထောင့်သုံးထောင့်၌ စတေဒီယာတစ်သောင်းနှစ်ထောင်ရှိသော ကုဗတုံး၊ အသန့်ရှင်းဆုံးဌာန ဖြစ်လိမ့်မည် - ဗျာ၊၂၁း၁၆။

4. ခရစ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံးများ၌ သူ၏အိမ်တော်ဆောက်နေခြင်းမှာ ကျွန်ုပ်တို့အား ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကို သိကျွမ်းရန်နှင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏စုပေါင်းထင်ရှားခြင်း၊ ကိုယ်တော်၏ ဘုန်းထင်ရှားခြင်းအတွက် သုံးပါးတစ်ပါးဘုရား၏ ပြည့်ဝပြည့်စုံခြင်းအားလုံးသို့တိုင် ဖြည့်ခြင်း ခံရန် ဖြစ်စေသည် - ဧ၊၃း၁၉-၂၁။ ညွှန်း၊ က၊၂၄း၄၇၊ ၅၃၊ ၆၁-၆၇။

**IV. ကျွန်ုပ်တို့က ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ ရွေးချယ်ခံလူများအထဲသို့ လုပ်ဆောင်ရန် အလိုတော်ရှိကြောင်း သိနားလည်မည်ဆိုလျှင်၊ ကျွန်ုပ်တို့အလုပ်၏ပန်းတိုင်သည် တည်ဆောက်နေသော၊ တည်ဆောက်ခံသော ဘုရားသခင်ကို အခြားသူများအထဲသို့ အမှုဆောင်ရန် ဖြစ်မည်ဖြစ်ကာ၊ ထိုသို့ဖြင့် သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို သူတို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်နိုင်မည်ဖြစ်သည် - ဧ၊၃း၁၇က။**

A. သခင်ဘုရားပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏အလုပ်တွင် အရေးကြီးသောအကြောင်းအရာမှာ တည်ဆောက်နေသော၊ တည်ဆောက်ခံသော ဘုရားသခင်ကို အမှုဆောင်ရန်ဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၂း၂၁-၂၂။ ၃း၁၇က။

B. ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် ကျွန်ုပ်တို့လုပ်နေသည့်အလုပ်ကို ပြန်လည်ဆင်ခြင်ရန်နှင့် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းအဖြစ် ခရစ်တော်မည်မျှကို ကျွန်ုပ်တို့က သခင်ဘုရားထံ ဦးဆောင်ခဲ့သူများအထဲသို့ ယူဆောင်လာပေးခဲ့ပြီ ဖြစ်ကြောင်း မေးရန် လိုအပ်သည် - ဂလ၊၄း၁၉။ ကော၊၁း၂၈။

C. ကျွန်ုပ်တို့သည် တစ်ခုသောအရာကို လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည်၊ ယင်းမှာ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားကို အခြားသူများအထဲသို့ အမှုဆောင်ရန်ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို သူတို့၏အတွင်းလူအထဲသို့ တည်ဆောက်နိုင်မည်ဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ဤနည်းလမ်း၌ လုပ်ဆောင်ရန် သွင်သင်ပေးမည့်အကြောင်း ဆုတောင်းရန် လိုအပ်သည် - ၂ကော၊ ၁၃း၁၄။ ၁ကော၊၃း၉က၊ ၁၀၊ ၁၂။

D. ကျွန်ုပ်တို့သည် အသင်းတော်ကို အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားဖြင့် တည်ဆောက်သောအခါ အမှန်တွင် တည်ဆောက်သောသူမှာ ကျွန်ုပ်တို့မဟုတ်ပါ။ ထိုအစား ဘုရားသခင်သည် ကျွန်ုပ်တို့မှတဆင့် တည်ဆောက်ကာ၊ ကျွန်ုပ်တို့ကို အခြားသူများအထဲသို့ မိမိကိုယ်တော်တိုင် ဝေငှဖြန့်ဖြူးရန်နှင့် ပို့လွှတ်ပေးရန် နည်းလမ်းအဖြစ် အသုံးပြုခြင်းဖြစ်သည် - တ၊၉း၁၅။ ၁ကော၊၁၄း၄ခ။ ၂ကော၊၃း၃-၆။

E. ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် အလုပ်လုပ်နေသည့်အလျောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏တည်ဆောက်ခြင်း - ဘုရားဆိုင်ရာဒြပ်သဘာဝကို လူသားဒြပ်သဘာဝအထဲသို့လည်းကောင်း၊ လူသားဒြပ်သဘာဝကို ဘုရားဆိုင်ရာဒြပ်သဘာဝအထဲသို့လည်းကောင်း စေ့စပ်ထုံးဖွဲ့ခြင်း ၌ ပါဝင်ဆက်ဆံသင့်ပါသည် - ယော၊၁၄း၂၀။ ၁၅း၄က။ ၁ယော၊၄း၁၅။

F. ဘုရားဆိုင်ရာဒြပ်သဘာဝသည် ကျွန်ုပ်တို့၏လူသားဇာတိအထဲသို့ စေ့စပ်ထုံးဖွဲ့ခံရသည့်အလျောက် ကျွန်ုပ်တို့သည် ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာကြကာ၊ လူသားဒြပ်သဘာဝသည် ဘုရားသခင်အထဲသို့ စေ့စပ်ထုံးဖွဲ့ခံရသည့်အလျောက် ဘုရားသခင်သည် လူဖြစ်လာသည်။ ဤအရာသည် ဓမ္မသစ်ကျမ်း၌ ဖွင့်ပြထားသည့် တည်ဆောက်ခြင်းဖြစ်သည် - ဧ၊၂း၂၁။ ၄း၁၆။

G. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏အလုပ်သည် ဤအပြန်အလှန် စေ့စပ်ထုံးဖွဲ့ခြင်း၏ အစိတ်အပိုင်း ဖြစ်ရမည်။

1. ကျွန်ုပ်တို့၏အလုပ်သည် ဤအပြန်အလှန် စေ့စပ်ထုံးဖွဲ့ခြင်းနှင့် ဆက်နွှယ်မှုမရှိလျှင် ဘုရားသခင်၏အမြင်၌ ကျွန်ုပ်တို့၏အလုပ်သည် သစ်သား၊ မြက်ပင်၊ ကောက်ရိုးကဲ့သို့ ဖြစ်သည် - ၁ကော၊၃း၁၂။
2. ကျွန်ုပ်တို့၏အလုပ်သည် ဤအပြန်အလှန် စေ့စပ်ထုံးဖွဲ့ခြင်း၏ အစိတ်အပိုင်းဖြစ်လျှင် ဘုရားသခင်က ကျွန်ုပ်တို့၏အလုပ်ကို ရွှေ၊ ငွေ၊ အဖိုးတန်ကျောက်များအဖြစ် မှတ်ယူပြီး၊ ယင်းသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ဗျာ၊၂၁း၂၊ ၁၀-၁၁၊ ၁၈-၂၁။

H. ကျွန်ုပ်တို့သည် မွေးဖွားခြင်း၊ ကျွေးမွေးခြင်း၊ စုံလင်ခြင်းနှင့် တည်ဆောက်ခြင်း အဆင့်လေးဆင့်၌ ဘုရားစီမံထားသောလမ်းကို သယ်ဆောင်ရန် အားထုတ်နေစဉ် ကျွန်ုပ်တို့၏အလုပ်သည် ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ မိမိကိုယ်တော်တိုင်ကို တည်ဆောက်နေသော၊ သူတို့ကို ကိုယ်တော်အထဲသို့ တည်ဆောက်နေသော အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားအပေါ် အခြေခံရမည်ဖြစ်သည်။

I. ကျွန်ုပ်တို့သည် အခြားသူများအထဲသို့ တည်ဆောက်နေသော၊ တည်ဆောက်ခံသော ဘုရားသခင်ကို သူတို့၏ ဘုရားဆိုင်ရာ အသက်၌ ကြီးထွားခြင်းအတွက် အမှုဆောင်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်နေကြခြင်းဖြစ်သည် - ကော၊၂း၁၉။ ဧ၊၄း၁၅-၁၆။ ဗျာ၊၂၁း၁၀။

**V. နောက်ဆုံးတွင် သုံးပါးတစ်ပါးဘုရားနှင့် ရွေးနုတ်ခံလူသားဇာတိသည် တစ်ခုတည်းသောထုံးဖွဲ့မှု - ယေရုရှလင်မြို့သစ်အဖြစ် ရောနှောခြင်း၊ ပေါင်းစည်းခြင်းနှင့် တည်ဆောက်ခြင်း ရှိလိမ့်မည်ဖြစ်သည် - အငယ်၊၂၊ ၁၀။**

A. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်က မိမိကိုယ်တော်တိုင် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ကာ လူကို အသက်၌၊ သဘောသဘာဝ၌၊ စေ့စပ်ထုံးဖွဲ့ခြင်း၌ ဘုရားနှင့်တူညီစေခြင်းအားဖြင့် တည်ဆောက်ခြင်းဖြစ်သည်၊ သို့မှသာ ဘုရားနှင့်လူသည် စုပေါင်းထားသော ထုံးဖွဲ့မှုဖြစ်လာနိုင်မည်ဖြစ်သည် - အငယ်၊၁၈-၂၁။

B. ယေရုရှလင်မြို့သစ်သည် ဘုရားဇာတိနှင့် လူသားဇာတိကို တစ်ခုတည်းသောထုံးဖွဲ့မှုအဖြစ် အတူတကွ ပေါင်းစည်းခြင်းနှင့် ရောနှောခြင်း အထုံးအဖွဲ့ဖြစ်သည်။ ပါဝင်သောအရာအားလုံးမှာ တူညီသောအသက်၊ သဘောသဘာဝနှင့် စေ့စပ်ထုံးဖွဲ့မှုတို့ ရှိပြီး၊ ယင်းသည် စုပေါင်းထားသော ပုဂ္ဂိုလ်ဖြစ်သည် - အငယ်၊၃၊ ၂၂။

1. "ဘုရားနှင့်လူ ပေါင်းစည်းကာ / အပြန်အလှန်ပိုင်ဆိုင်ကြ / လူ၌ ဘုရားထည့်ဝင်ရာ / လူသည် ဘုရားကို ထင်ရှား။" - ဓမ္မသီချင်း ၅၁၁၊ အပိုဒ် ၉။

2. ဘုရားနှင့်လူ၊ လူနှင့်ဘုရားသည် အတူတကွ တည်ဆောက်ခြင်းနှင့် အတူတကွ ပေါင်းစည်းခြင်း၊ ရောနှောခြင်း ရှိသည်။ ဤသည်မှာ ဘုရားသခင့်တည်ဆောက်ခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။

C. ယေရုရှလင်မြို့သစ်သည် ဘုရားနှင့်လူ၊ လူနှင့်ဘုရား၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်ပြီး၊ သူတို့သည် တစ်ဦးတည်းအဖြစ်သို့ စေ့စပ်ထုံးဖွဲ့ခံရခြင်းဖြစ်သည် - ဗျာ၊၂၂း၁၇က။ ၂၁း၃၊ ၂၂။

1. ဤအရာသည် လူသားဇာတိ၌ ရောင်ခြည်တောက်ပစွာ ထွန်းလင်းသော ဘုရားဆိုင်ရာဘုန်းတော်နှင့်အတူ လူသားဇာတိ၌ ထင်ရှားသည့် ဘုရားဇာတိနှင့် ဘုရားဇာတိ၌ ဘုန်းထင်ရှားသည့် လူသားဇာတိဖြစ်သည် - အငယ်၊၁၁။

2. နှစ်ဦး - ဘုရားဇာတိနှင့် လူသားဇာတိ - သည် အပြန်အလှန်ကိန်းဝပ်ရာနေရာ ဖြစ်လာသည်။

   a. လူဖြစ်သော်လည်း ဘုရားဖြစ်သောအရှင်သည် ဘုရားဖြစ်သော်လည်း လူဖြစ်သောသူ၌ ကိန်းဝပ်နေသည်။

   b. ဘုရားဖြစ်သော်လည်း လူဖြစ်သောသူသည် လူဖြစ်သော်လည်း ဘုရားဖြစ်သောအရှင်၌ ကိန်းဝပ်နေသည်။

D. ဘုရားဆိုင်ရာဒြပ်သဘာဝကို လူသားဒြပ်သဘာဝအထဲသို့လည်းကောင်း၊ လူသားဒြပ်သဘာဝကို ဘုရားဆိုင်ရာဒြပ်သဘာဝအထဲသို့လည်းကောင်း စေ့စပ်ထုံးဖွဲ့ခြင်းအားဖြင့် ထုတ်လုပ်သည့် အပြန်အလှန်ကိန်းဝပ်ရာမှာ စကြဝဠာ၏ အလယ်ဗဟိုနှင့် စစ်မှန်ခြင်းဖြစ်သည် - အငယ်၊၁-၂၊ ၂၂။ ညွှန်း၊ ဒေ၊၁း၂။

E. "အလိုတော်၏ ကောင်းသော ကျေနပ်အားရရာအတိုင်း၊ ကိုယ်တော်၏ စီမံကိန်း၌ အမြင့်ဆုံးသော ရည်ရွယ်ချက်အတွက် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို သူ၏ရွေးချယ်ခံလူများအထဲသို့ တည်ဆောက်နေပြီး၊ ကိုယ်တော်၏ ရွေးချယ်ခံလူများကို ကိုယ်တော်ကိုယ်တိုင်အထဲသို့ တည်ဆောက်နေသည်၊ ထိုသို့ဖြင့် ကိုယ်တော်သည် သူ၏ရှင်သန်သောထုံးဖွဲ့မှုနှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် ဘုရားဇာတိနှင့် လူသားဇာတိရောနှောပေါင်းစည်းခြင်းအဖြစ် ခရစ်တော်၌ စေ့စပ်ထုံးဖွဲ့မှုကို ရရှိမည်ဖြစ်ကာ၊ ယင်းသည် ကိုယ်တော်၏ ထာဝရထင်ရှားခြင်းနှင့် ရွေးနုတ်သော ဘုရားသခင်နှင့် ရွေးနုတ်ခံ လူတို့အဖို့ အပြန်အလှန်ကိန်းဝပ်ရာ ဖြစ်လာမည်ဖြစ်သည်။ ဤအံ့သြဖွယ်ရာ ဖိုးထိုက်ဘဏ္ဍာ၏ တည်ဆောက်မှု အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းသည် ထာဝရကာလပတ်လုံး ယေရုရှလင်မြို့သစ် ဖြစ်လိမ့်မည်ဖြစ်သည်" - ဝစ်နက်စ်လီ၏ အုတ်ဂူပေါ်မှာ ရေးထိုးသောစာ။

*© 2023 Living Stream Ministry*